# ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် သင့်အတွက် နည်းလမ်းများမှာ အဘယ်နည်း။

အကယ်၍ ကျွန်ုပ်တို့ချမှတ်သည့် ဆုံးဖြတ်ချက်ကို သင် နားမလည်လျှင် သို့မဟုတ် မကျေနပ်လျှင် ရှင်းလင်းပေးရန် သင် တောင်းဆိုနိုင်သည် သို့မဟုတ် တရားဝင် ပြန်လည်သုံးသပ်ခြင်းကို တင်သွင်းနိုင်သည်။

## ဆုံးဖြတ်ချက် ရှင်းလင်းချက်

ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို ရှင်းလင်းပေးရန် သင် တောင်းဆိုနိုင်သည်။ ကျွန်ုပ်တို့ ချမှတ်သည့် ဆုံးဖြတ်ချက်ကို သင် နားမလည်လျှင် ရှင်းလင်းပေးရန် သင် တောင်းဆိုချင်နိုင်သည်။

သင် ဤသို့အချိန်မရွေး လုပ်နိုင်သည်။

အတွေ့အကြုံရင့်ကျက်သည့် ဝန်ထမ်းတစ်ဦးသည် ဆုံးဖြတ်ချက်ကို ရှင်းပြရန်နှင့် သင့်မေးခွန်းများကို ဖြေဆိုပေးရန် သင့်အား ဆက်သွယ်ပါလိမ့်မည်။ တရားဝင် အယူခံ မလိုအပ်ဘဲ သင့် မကျေနပ်ချက်များကို ကျွန်ုပ်တို့ ဖြေရှင်းပေးနိုင်သည် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြောင်းလဲပေးနိုင်သည်။

ရှင်းလင်းပေးရန် သင် တောင်းဆိုသည့်အခါ သင့်အား ကျွန်ုပ်တို့ 14 ရက်အတွင်း ဆက်သွယ်ပါမည်။

ဆုံးဖြတ်ချက်ကို ရှင်းလင်းပေးသည့်အတွက် သင် အခကြေး ပေးရန်မလိုပါ။

## တရားဝင် ပြန်လည်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက် တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းနိုင်သည်။ အကယ်၍ သင် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို နားလည်သော်လည်း မကျေနပ်ပါက သင့်အနေဖြင့် တရားဝင် ပြန်လည်သုံးသပ်ခြင်းကို လျှောက်ရန် လိုလားနိုင်မည်။

တရားဝင် ပြန်လည်သုံးသပ်ခြင်းကို မချိန်မရွေး တင်သွင်းနိုင်သည်။ ရှင်းလင်းချက်အတွက် ဦးစွာ တောင်းဆိုရန် မလိုပါ။

တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသည့်အခါ ကျွန်ုပ်တို့၏ Authorised Review Officer ကလုပ်မည်မှာ–

- 49 ရက်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို ဆုံးဖြတ်ပေးမည်
- ဆုံးဖြတ်ချက်တွင် ပါဝင်သည့် အကြောင်းချင်းရာများ၊ ဥပဒေနှင့် မူဝါဒကို စိစစ်ပါမည်
- ဆုံးဖြတ်ချက်ကို အကယ်၍ မှားနေလျှင် ပြင်ပေးပါမည်
- တရားဝင် ပြန်လည်သုံးသပ်ခြင်း၏ အဖြေကို သင့်ကို စာရေး အသိပေးပါမည်။

တရားဝင် ပြန်လည်သုံးသပ်ခြင်းအတွက် သင် အခကြေးပေးရန် မလိုပါ။

## ရှင်းလင်းချက်အတွက် သို့မဟုတ် တရားဝင် ပြန်လည်သုံးသပ်ခြင်းအတွက် တောင်းဆိုပုံ

အောက်ပါနည်းလမ်းတစ်မျိုးမျိုးဖြင့် ရှင်းလင်းချက် သို့မဟုတ် တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တောင်းဆိုနိုင်သည်–

- ပုံမှန် Centrelink ထောက်ပံ့ကြေး ဖုန်းလိုင်းကို ခေါ်ဆိုခြင်းဖြင့်

- သင့် စကားဖြင့် တစ်ယောက်ယောက်ကို ပြောဆိုရန် ကျွန်ုပ်တို့ကို ဖုန်း**131 202** ဖြင့် ဆက်သွယ်ခြင်းဖြင့်
- ဝန်ဆောင်ဌာနသို့ သွားရောက်ခြင်းဖြင့် ဖြစ်ပါသည်။

သင့်အနေဖြင့် *Explanation or formal review of a decision (ဆုံးဖြတ်ချက်အား ရှင်းလင်းချက် သို့မဟုတ် တရားဝင် ပြန်လည်သုံးသပ်ပေးခြင်း)* ပုံစံကိုလည်း ဖြည့်စွက်ပြီး အထောက်အထား စာရွက်စာတမ်းတစ်ခုခုဖြင့် အောက်ပါတစ်နည်းနည်းဖြင့် အွန်လိုင်းမှတစ်ဆင့် ကျွန်ုပ်တို့အား ပေးပါ–

- myGov မှတစ်ဆင့် Centrelink အွန်လိုင်း စာရင်းကိုသုံးခြင်းဖြင့်
- Express Plus Centrelink မိုဘိုင်းအက်ပ်ကို သုံးခြင်းဖြင့် ဖြစ်သည်။

**servicesaustralia.gov.au/ss351** ဝက်ဘ်ဆိုက်မှ *Explanation or formal review of a decision (ဆုံးဖြတ်ချက် ရှင်းလင်းချက် သို့မဟုတ် တရားဝင် ပြန်လည်သုံးသပ်ပေးခြင်း)* ပုံစံကို ဒေါင်းလုဒ်ဆွဲပါ။

အကယ်၍ သင် စာရွက်စာတမ်းများကို အွန်လိုင်းဖြင့် ကျွန်ုပ်တို့အား မပေးနိုင်လျှင် အောက်ပါလိပ်စာသို့ စာပို့နိုင်သည်–

**Centrelink**
**Reply Paid 7800**
**Canberra BC ACT 2610**

Assistance for Isolated Children နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များအတွက် သင် သီးခြား ပုံစံကို ဖြည့်ရန်လိုသည်။ ဤပုံစံမှာ *ABSTUDY and Assistance for Isolated Children (AIC) Explanation or formal review of a decision form ဖြစ်သည်*။ ပုံစံပါ နည်းလမ်းများကိုသုံး၍ သင် ကျွန်ုပ်တို့ထံ ပြန်ပို့ပေးနိုင်သည်။

**servicesaustralia.gov.au/sy054** ဝက်ဘ်ဆိုက်မှ *ABSTUDY and Assistance for Isolated Children (AIC) Explanation or formal review of a decision form ကိုယူပါ*။

## အကယ်၍ သင် Centrelink အကြွေးတင်သည်ကို မကျေနပ်လျှင်

သင့်အကြွေးကို ရှင်းလင်းပြပေးစေရန် သို့မဟုတ် တရားဝင် ပြန်လည်သုံးခြင်း တင်သွင်းရန် သာမန်အားဖြင့် အချိန်မရွေး တောင်းဆိုနိုင်သည်။ အချို့အကြွေးများအတွက် တရားဝင် ပြန်လည်သုံးသပ်ခြင်းတင်သွင်းရန် မတူကွဲပြားသည့် အချိန်ကန့်သတ်ချက်များရှိပါသည်။ ဤအချိန်ကန့်သတ်ချက်များအကြောင်း အောက်တွင် သင် ပိုဖတ်ရှုနိုင်သည်။

| ထောက်ပံ့ကြေး အမျိုးအစား | တရားဝင် ပြန်လည်သုံးသပ်ခြင်းအတွက် အချိန်ကန့်သတ်ချက်များ |
|---|---|
| Assistance for Isolated Children | တရားဝင် ပြန်လည်သုံးသပ်ခြင်းကို ကျွန်ုပ်တို့ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ 3 လအတွင်း တင်သွင်းရမည်။ |
| Tertiary Access Payment | ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 13 ပတ်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို တင်သွင်းရမည်။ |

သင့်တွင် အကြွေးတင်နေပါက ရှင်းလင်းချက် သို့မဟုတ် တရားဝင် ပြန်လည်သုံးသပ်ခြင်း ကိစ္စ ပြီးဆုံးတိုင်အောင် ပြန်ပေးဆပ်နေရခြင်းကို ခေတ္တရပ်ဆိုင်းပေးထားရန် သင် တောင်းဆိုနိုင်သည်။ သင် ဤကိစ္စကို ဆုံးဖြတ်ချက်အကြောင်း ကျွန်ုပ်တို့နှင့်ပြောဆိုသည့်အခါ တောင်းဆိုနိုင်သည်။

# တရားဝင် ပြန်လည်သုံးသပ်ခြင်း တင်သွင်းရန် မည်သည့်အခါတွင် အချိန်ကန့်သတ်ချက်များ သက်ဆိုင်ခြင်း

ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 13 ပတ်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသင့်သည်။

အချို့ထောက်ပံ့ကြေးငွေများအတွက် တရားဝင် ပြန်လည်သုံးသပ်ခြင်းတင်သွင်းရန် မတူကွဲပြားသည့် အချိန်ကန့်သတ်ချက်များရှိပါသည်။ ၎င်းမှာ တောင်းခံချက်နှင့် ရပိုင်ခွင့် ဆုံးဖြတ်ချက် နှစ်မျိုးလုံးနှင့်အကျုံးဝင်သည်။

သင့်အနေဖြင့် ထောက်ပံ့ကြေး သုံးသပ်ချက် အချိန်ကန့်သတ်ချက် ကျော်လွန်ပြီးနောက် တရားဝင် ပြန်လည်သုံးသပ်ခြင်းကို တင်သွင်းနိုင်သေးသည်။ သို့သော်လည်း အကယ်၍ ဆုံးဖြတ်ချက်ကို ပြောင်းလဲလိုက်ပါက သင့် ထောက်ပံ့ကြေးကို တရားဝင် ပြန်လည်သုံးသပ်ခြင်း တင်သွင်းသည့်နေ့ရက်မှစ၍သာ ထောက်ပံ့ကြေးရနိုင်သည်။

ဤအချိန်ကန့်သတ်ချက်များအကြောင်း အောက်တွင် သင် ပိုဖတ်ရှုနိုင်သည်။

| **ထောက်ပံ့ကြေး အမျိုးအစား** | **တရားဝင် ပြန်လည်သုံးသပ်ခြင်းအတွက် အချိန်ကန့်သတ်ချက်များ** |
|---|---|
| Family Tax Benefit | ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 52 ပတ်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသင့်သည်။ |
| Family Tax Benefit and Child Support | ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 52 ပတ်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသင့်သည်။<br><br>အကယ်၍ သင် Child Support ပေးနေရသူလည်းဖြစ်ပြီး ဆုံးဖြတ်ချက်မှာ သင်၏ ကလေးစရိတ် စိစစ်မှုကို ထိခိုက်ပါက ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 28 ရက်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသင့်သည်။ |
| Child Care Subsidy | ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 13 ပတ်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသင့်သည်။ |
| Parental Leave Pay | ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 28 ရက်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသင့်သည်။ |
| Dad and Partner Pay | ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 28 ရက်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို သင် တင်သွင်းသင့်သည်။ |
| Tertiary Access Payments | ဆုံးဖြတ်ချက်အကြောင်း သင့်အား ကျွန်ုပ်တို့ ပြောကြားသည့်နေ့ရက်မှ 13 ပတ်အတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို တင်သွင်းရမည်။ |
| Assistance for Isolated Children Scheme | တရားဝင် ပြန်လည်သုံးသပ်ပေးခြင်းကို မချိန်မရွေး တင်သွင်းနိုင်သည်။<br><br>ဆုံးဖြတ်ချက်မှာ ကျွေးမြီကို ပြန်တောင်းသည့် ဆုံးဖြတ်ချက်ဖြစ်လျှင် ကျွန်ုပ်တို့ ဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ 3 လအတွင်း တရားဝင် ပြန်လည်သုံးသပ်ခြင်းကို တင်သွင်းရမည်။ |

# အကယ်၍ သင် တရားဝင် ပြန်လည်သုံးသပ်ခြင်း အဖြေကို မကျေနပ်လျှင်

အကယ်၍ သင် Centrelink ၏ တရားဝင် ပြန်လည်သုံးသပ်ချက် အဖြေပါဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ပြန်လည်သုံးသပ်ပေးရန် Administrative Appeals Tribunal (AAT) သို့ တောင်းဆိုနိုင်သည်။ AAT သည် သီးခြား လွတ်လပ်သော ခုံရုံးဖြစ်သည်။

AAT တွင်ပြန်လည်သုံးသပ်ပေးသည့် အဆင့် 2 ဆင့်ရှိသည်။ ဆိုလိုသည်မှာ AAT ၏ ပထမအကြိမ် သုံးသပ်ချက်ကို သင် မကျေနပ်လျှင် ဒုတိယအကြိမ် သုံးသပ်ပေးရန် သင် လျှောက်ထားနိုင်သည်ဟု ဆိုလိုသည်။

အကယ်၍ သင် AAT သို့ လျှောက်ထားသည့်အခါ AAT ၏ ပထမအကြိမ် သုံးသပ်ချက် ပြီးဆုံးသည့်တိုင် သင့် ကြွေးမြီပြန်ဆပ်ခြင်းကို ခေတ္တတရပ်ဆိုင်းပေးရန် သင် ကျွန်ုပ်တို့အား တောင်းဆိုနိုင်သည်။

အကယ်၍ အောက်ပါထောက်ပံ့ကြေးများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ဖြစ်လျှင် မတူကွဲပြားသော သုံးသပ်ချက်နှင့် အယူခံ လုပ်ငန်းစဉ်ရှိနိုင်သည်။

- Assistance for Isolated Children
- Rural ex-gratia payment.

# AAT သို့ လျှောက်ထားရမည့် အချိန်အခါ

ကျွန်ုပ်တို့၏ ပြန်လည်သုံးသပ်ခြင်း ဆုံးဖြတ်ချက် ရက်စွဲမှ 13 ပတ်အတွင်း သင် လျှောက်ထားသင့်သည်။ သင် AAT သုံးသပ်ချက်ကို 13 ပတ်ကျော်ပြီးနောက် လျှောက်နိုင်သေးသည်။ သို့သော်လည်း အကယ်၍ AAT က ဆုံးဖြတ်ချက်ကို ပြောင်းလဲလိုက်ပါက ထောက်ပံ့ကြေးကို သုံးသပ်ချက် လျှောက်သည့်နေ့ရက်မှစ၍သာ သင် ရနိုင်မည်။

အကယ်၍ သင် Paid Parental Leave Scheme ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးစေလိုလျှင် ကျွန်ုပ်တို့၏ တရားဝင် ပြန်လည်သုံးသပ်ခြင်း ဆုံးဖြတ်ချက် ရက်စွဲမှ 28 ရက်အတွင်း လျှောက်ထားသင့်သည်။

## AAT သို့ လျှောက်ထားရပုံ

ဆုံးဖြတ်ချက်ကို AAT သို့ ပြန်လည်သုံးသပ်ချက် လျှောက်ထားရန် **aat.gov.au** ဝက်ဘ်ဆိုက်တွင် ၎င်း၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပါ။

သင် လျှောက်လွှာတင်သွင်းပြီးနောက် ကျွန်ုပ်တို့ AAT ထံ ရင်းတမ်းစာ တင်သွင်းပါမည်။ ၎င်းစာတွင် ဆုံးဖြတ်ချက်ကို အခြေခံသည့်အကြောင်းရင်းများနှင့် သက်ဆိုင်ရာ အေဂျင်စီ စာရွက်စာတမ်းများပါဝင်သည်။ သင်သည်လည်း ကျွန်ုပ်တို့၏ ရင်းတမ်းစာနှင့် စာရွက်စာတမ်းများ၏ မိတ္တူကို ရပါမည်။

အကယ်၍ သင် AAT ၏ ပထမအကြိမ် သုံးသပ်ချက်ကို မကျေနပ်လျှင် ဒုတိယအကြိမ် AAT သုံးသပ်ချက်ကို သင် လျှောက်ထားနိုင်သည်။ ဒုတိယအကြိမ် AAT သုံးသပ်ချက်အတွက် လျှောက်လွှာကို ပထမအကြိမ် သုံးသပ်ချက် ဆုံးဖြတ်ချက်လက်ခံရရှိပြီး 28 ရက်အတွင်း လျှောက်ထားသင့်သည်။

## ကုန်ကျစရိတ်များမှာ အဘယ်နည်း။

အချို့ ဆုံးဖြတ်ချက် အမျိုးအစားများအတွက် AAT လျှောက်လွှာ အခကြေးပေးရနိုင်သည်။

AAT သုံးသပ်ချက် လျှောက်ထားရန်အတွက် ကုန်ကျစရိတ်များကို သင့်အား ကျွန်ုပ်တို့ မပေးနိုင်ပါ။ အကယ်၍ သင် အနိုင်ရရှိလျှင်လည်း AAT က ကုန်ကျစရိတ်ကို သင့်အား ပြန်ပေးနိုင်မည် မဟုတ်ပါ။

အကယ်၍ AAT ထံတင်သွင်းသည့် ပြန်လည်သုံးသပ်ပေးခြင်း မအောင်မြင်လျှင် ကျွန်ုပ်တို့၏ ကုန်ကျစရိတ်ကိုလည်း သင့်ထံမှ ပြန်တောင်းမည် မဟုတ်ပါ။

# သင် နောက်ထပ် သိသင့်သည့်အရာ

## ဥပဒေ အကူအညီ

ဆုံးဖြတ်ချက်ကို တရားဝင် ပြန်လည်သုံးသပ်ပေးရန် သင် တင်သွင်းလျှင် သင့် ကိုယ်ပိုင် ဥပဒေ အကျိုးဆောင်ကို သင် ရှာနိုင်သည်။

အခမဲ့ အကြံပြုချက်နှင့် ပံ့ပိုးမှု အောက်ပါတို့မှ ရရှိနိုင်သည်–

- Economic Justice Australia ဝက်ဘ်ဆိုက် – **ejaustralia.org.au**
- National Legal Aid ဝက်ဘ်ဆိုက် – **nationallegalaid.org**

## လျော်ကြေး တောင်းခံချက်များ

ငွေကြေးဆုံးရှုံးမှု သို့မဟုတ် အခြား နစ်နာမှု သင့်အပေါ် ဖြစ်ပွားခဲ့အောင် ကျွန်ုပ်တို့ အမှားအယွင်း လုပ်ခဲ့သည်ဟု သင်ထင်မြင်လျှင် အချို့ကိစ္စများ၌ သင် လျော်ကြေး တောင်းခံနိုင်သည်။

သင် လျော်ကြေး မတောင်းခံမီ ပြန်လည်သုံးသပ်ပေးရန် နည်းလမ်းအားလုံးကို သင် စူးစမ်းသင့်သည်။ ပြဿနာကို အခြားနည်းလမ်းဖြင့် ဖြေရှင်းပေးနိုင်လျှင် ကျွန်ုပ်တို့ လျော်ကြေး မပေးနိုင်ပါ။

လျော်ကြေးကို *Compensation Application (လျော်ကြေး လျှောက်လွှာ)* ပုံစံ ဖြည့်စွက်ခြင်းဖြင့် သင် တောင်းခံနိုင်သည်။ အကယ်၍ သင် စာရိုက်မထုတ်နိုင်လျှင် သင့် ဒေသ ဝန်ဆောင်ဌာနရှိ ဝန်ထမ်းအား စာရိုက်ထုတ်ခိုင်းနိုင်သည်။ ပုံမှန် Centrelink ထောက်ပံ့ကြေး ဖုန်းလိုင်း သို့မဟုတ် **131 202** ကိုလည်း ဖုန်းခေါ်ဆိုနိုင်သည်၊ ကျွန်ုပ်တို့ ပုံစံကို ပို့ပေးပါမည်။ ထောက်ပံ့ကြေး ဖုန်းလိုင်းကို ခေါ်ဆိုသည့်အခါ စကားပြန်လိုလျှင် အသိပေးပါ၊ ကျွန်ုပ်တို့ အခမဲ့ တစ်ယောက်ကို စီစဉ်ပေးပါမည်။

**servicesaustralia.gov.au/ss509** ဝက်ဘ်ဆိုက်မှ *Compensation Application form (လျော်ကြေး လျှောက်လွှာ ပုံစံ)* ကိုဒေါင်းလုဒ်ဆွဲပါ။

# ပိုမိုသိရှိရန်

- အင်္ဂလိပ်စာဖြင့် အချက်အလက်အပိုကို **servicesaustralia.gov.au/reviewsandappeals** တွင်ဖတ်ရှုပါ
- သင့်ဘာသာစကားဖြင့် အချက်အလက်များ ကြည့်ရှုရန်၊ နားထောင်ရန် သို့မဟုတ် ဖတ်ရှုရန် **servicesaustralia.gov.au/yourlanguage** သို့ ဝင်ရောက်ပါ
- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့်ပြောဆိုရန် ဖုန်း **131 202** ကိုဆက်ပါ
- ဖုန်း **132 011** ကို Medicare အတွက်နှင့် ဖုန်း **131 272** ကို Child Support အတွက် ဆက်ပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်
- ဝန်ဆောင်ဌာန တစ်ခုသို့ သွားရောက်ပါ။

မှတ်ချက်– သင့်အိမ်ဖုန်းမှ သြစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို '**13**' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများကို ပုံသေ ဖုန်းခေါ်နှုန်းဖြင့် ကျသင့်ပါသည်။ အဆိုပါ ဖုန်းခေါ်နှုန်းမှာ မြို့တွင်းဖုန်းခေါ်နှုန်းနှင့် ကွဲပြားနိုင်သည်၊ တယ်လီဖုန်း ကုမ္ပဏီအချင်းချင်းအကြားတွင်လည်း ကွဲပြားနိုင်သည်။ သင့်အိမ်ဖုန်းမှ '**1800**' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို အချိန်တိုင်းတာထားပြီး ပိုမိုကြီးမြင့်သော နှုန်းဖြင့် ကျသင့်နိုင်သည်။

## တာဝန်မယူ ငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက်များသည် ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးအတွက် လျှောက်ထား လိုမလို နှင့် သင်၏ သီးခြား အခြေအနေများအပေါ်မူတည်၍ လျှောက်လွှာတင်သွင်း လိုမလို ဆုံးဖြတ်ရန် သင့်တာဝန်သာဖြစ်သည်။

# What are your options if you do not agree with a decision?

If you do not understand or agree with a decision we have made, you can ask for an explanation or apply for a formal review.

## Explanation of decision

You can ask us to explain our decision. You may want to ask for an explanation if you do not understand a decision we have made.

You can do this at any time.

An experienced staff member will contact you to explain the decision and answer any questions you have. We might be able to sort out your concerns or change the decision without needing a formal review.

When you ask for an explanation, we aim to contact you within 14 days.

You do not have to pay for an explanation of a decision.

## Formal review

You can apply for a formal review of our decision. You may want to apply for a formal review if you understand our decision but disagree with it.

You can apply for a formal review at any time. You do not have to ask for an explanation first.

When you apply for a formal review, our Authorised Review Officer will:

- aim to complete the formal review within 49 days
- look at the facts, the law, and the policy involved in the decision
- change the decision if it is wrong
- write to you to let you know the outcome of your formal review.

You do not have to pay for a formal review of a decision.

## How to ask for an explanation or formal review

You can ask for an explanation or apply for a formal review using any of the following options:

- calling your regular Centrelink payment line
- calling us on **131 202** to speak with someone in your language
- visiting a service centre.

You can also fill in the *Explanation or formal review of a decision* form and give us any supporting documents online, using either:

- your Centrelink online account through myGov
- the Express Plus Centrelink mobile app.

Go to **servicesaustralia.gov.au/ss351** to download the *Explanation or formal review of a decision* form.

If you cannot give the documents to us online, you can post them to:

**Centrelink**
**Reply Paid 7800**
**Canberra BC ACT 2610**

For decisions about Assistance for Isolated Children you need to fill in a different form. This is the *ABSTUDY and Assistance for Isolated Children (AIC) Explanation or formal review of a decision form*. You can return it to us using the details on the form.

Go to **servicesaustralia.gov.au/sy054** to access the *ABSTUDY and Assistance for Isolated Children (AIC) Explanation or formal review of a decision form*.

## If you disagree with a Centrelink debt

Generally, you can ask for an explanation or apply for a formal review of your debt at any time. Some debts have different time limits for you to apply for a formal review. You can read more about time limits below.

| Payment type | Formal review time limits |
|---|---|
| Assistance for Isolated Children | You must apply for a formal review within 3 months from the date we made our decision. |
| Tertiary Access Payment | You must apply for a formal review within 13 weeks from when we tell you about the decision. |

If you have a debt, you can ask us to pause your repayments until your explanation or formal review is complete. You can do this when you talk to us about a decision.

## Time limits when applying for a formal review

You should apply for a formal review within 13 weeks from the date we tell you about the decision.

Some payments have different time limits for you to apply for a formal review. This applies to both claim and entitlement decisions.

You can still apply for a formal review after your payment review time limit. However, if the decision is changed, you may only get your payment from the date you apply for the formal review.

You can read more about time limits below.

| Payment type | Formal review time limits |
|---|---|
| Family Tax Benefit | You should apply for a formal review within 52 weeks from the date we tell you about the decision. |
| Family Tax Benefit and Child Support | You should apply for a formal review within 52 weeks from the date we tell you about the decision.<br><br>If you are also a Child Support customer and the decision affects your child support assessment, you should apply for a formal review within 28 days from the date we tell you about the decision. |
| Child Care Subsidy | You should apply for a formal review within 13 weeks from the date we tell you about the decision. |
| Parental Leave Pay | You should apply for a formal review within 28 days from the day we make the decision. |
| Dad and Partner Pay | You should apply for a formal review within 28 days from the day we make the decision. |

| | |
|---|---|
| Tertiary Access Payments | You must apply for a formal review within 13 weeks from when we tell you about the decision. |
| Assistance for Isolated Children Scheme | You can apply for a formal review at any time.<br>If the decision is about the recovery of a debt, you must apply for a formal review within 3 months from the date we made the decision. |

## If you disagree with a formal review outcome

If you disagree with a formal review outcome of a Centrelink decision, you can ask the Administrative Appeals Tribunal (AAT) to review it. The AAT is an independent tribunal.

The AAT has 2 review levels. This means if you disagree with the AAT's first review, you can apply for a second review.

If you are applying to the AAT, you can ask us to pause your debt repayments until the AAT's first review is complete.

There may be a different review and appeal process if the decision relates to the following payments:

- Assistance for Isolated Children
- Rural ex-gratia payment.

## When to apply to the AAT

You should apply within 13 weeks from the date of our formal review decision. You can still apply for an AAT review after 13 weeks. However, if the AAT changes the decision, you may only get your payment from the date you applied for the review.

If you want a review of a Paid Parental Leave Scheme decision, you should apply within 28 days of our formal review decision.

### How to apply to the AAT

To apply for an AAT review of a decision, go to **aat.gov.au** and follow their instructions.

After you submit an application, we will send the AAT a statement. It will contain the reasons for the decision and relevant agency documents. You will also get a copy of our statement and documents.

If you disagree with the AAT's first review, you may be able to apply for a second AAT review. You should make an application for a second AAT review within 28 days of receiving the first review decision.

### What are the costs?

For some types of decisions, there may be an AAT application fee.

We cannot help you with the costs of applying for an AAT review. The AAT also cannot award you costs if you are successful.

If your review with the AAT is unsuccessful, we do not ask you to pay our costs.

## What else you should know

### Legal assistance

You can choose to have your own legal representative if you seek a formal review of a decision.

Free advice and assistance is available from:

- Economic Justice Australia website **– ejaustralia.org.au**
- National Legal Aid website **– nationallegalaid.org**

### Compensation claims

In some cases you may be able to claim compensation if you think we have made a mistake that has caused you a financial loss or other harm.

You should explore all of your review options before you claim compensation. We may not compensate you if other options can resolve the issue.

You can claim compensation by completing the *Compensation Application* form. If you cannot print it, you can ask staff at your local service centre to print the form. You can also call us on your regular Centrelink payment line or **131 202** and we can send it to you. When calling your payment line, let us know if you need an interpreter, and we will arrange one for free.

Go to **servicesaustralia.gov.au/ss509** to download the *Compensation Application form.*

## For more information

- Go to **servicesaustralia.gov.au/reviewsandappeals** for more information in English
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language
- Call **131 202** to speak with someone in your language about Centrelink payments and services
- Call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free
- Visit a service centre.

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

### Disclaimer

The information contained in this publication is intended only as a guide to payments and services. It is your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.